**ယေရှုသခင် ကျွန်ုပ်တို့အား ကိုယ်တော်နှင့်ကိုယ်တော်၏ နှုတ်ကပတ်တော်အတွက် အချိန်မပေးနိုင်လောက် အောင်အလုပ်အလွန်များနေသည့် "အလုပ်ရှုပ်ခြင်း" စိတ်မှကယ်နှုတ်တော်မူပါ။**

**သ**ခင်ယေရှုထံမှ လေ့လာသင်ကြားရန် ရပ်၍ကြည့်ပြီး နားထောင်ရမည်။ ဤကဲ့သို့မပြုလျှင် သင်သည် သူ၏သမ္မာတရား သူ၏ချစ်ခြင်းမေတ္တာနှင့် သူ၏ဝမ်းမြောက်ခြင်းတို့ဖြင့် လျှံကျနေသော်လည်း ဤဘဝအသက်တာ၏ စိုးရိမ်သောကများ၏ ဖိနင်းသွားခြင်းကို ခံရမည်ဖြစ်သည်။ မိမိကိုယ်ကို ပြင်းထန်မြန်ဆန်စွာ တွန်းအားပေးမိပါက သင်လိုရာခရီးသို့ ရောက်ရှိလိမ့်မည်မဟုတ်။ သင်သည် သခင်ယေရှုနှင့် မိမိတို့၏ကောင်းကင်ဘုံဌါနချုပ်နှင့် အဆက်သွယ်ပြတ်သွားမည်ဖြစ်ရာ သူမ၏ ကြောင်အသစ်ကလေးနှင့် ပတ်သက်၍ မိန်းကလေးတစ်ဦး ပြောခဲ့သလို "မေမေ ကြောင်ကလေးက အိပ်ပျော်သွားပြီး သူ့အင်ဂျင်စက်ကို နှိုးထားခဲ့တယ်" ဆိုသည့်စကားအတိုင်း သင်သည် လှည့်လည်သွားနေမည် ဖြစ်သော်လည်း ဝိညာဉ်ရေးအရ အိပ်ပျော်နေဆဲပင် ဖြစ်နေပေမည်။ (၁ကော ၉း၂၆)

ကျွန်ုပ်တို့သည် သခင်၏အလုပ်ကို သခင်၏တန်ခိုးစွမ်းအား မပါဝင်ဘဲ မလုပ်နိုင်။ ထိုစွမ်းအားကိုရရန် မိမိတို့သည်သခင်နှင့် အချိန်ယူရမည်ဖြစ်သည်။ သခင်ယေရှုက "လိုသောအရာတစ်ခုတည်းရှိ၏"ဟုပြောထားသည်။ သူ၏ခြေတော်ရင်း၌ထိုင်လျက် သူ့ထံမှ နည်းနာခံယူခြင်းပင်ဖြစ်ရာ ဤကောင်းသော အစိတ်အပိုင်းကို ရွေးချယ်ခဲ့သော သူတို့အတွက် ထိုအရာကို သူတို့ထံမှ မည်သူမျှလုယူ၍မရနိုင်။ (လုကာ ၁၀း၃၉–၄၂) သခင်ယေရှုနှင့် တစ်ဦးချင်းအချိန်ယူပြီး ဆုတောင်းရန်အတွက် သင်သည်အလုပ်များနေခဲ့လျှင် သင်သည် အလွန်အလုပ်ရှုပ်နေပြီဖြစ်သည်။

ထိုကြောင့် သန့်ရှင်းမှုရှိရန် သူ၏ပိုင်ဆိုင်မှု လုံးလုံးလျားလျားဖြစ်ရန် အချိန်ယူပါ။ "ငြိမ်ဝပ်လျက်နေကြလော့။ ငါကားဘုရား သခင်ဖြစ်သည်ဟု သိမှတ်ကြလော့။ ငြိမ်ဝပ်စွာနေခြင်း ယုံကြည်ခြင်းအားဖြင့် ခွန်အားအစွမ်းကို ရကြလိမ့်မည်။" (ဆာလံ ၄၆း၁၀၊ ဟေရှာယ ၃၀း၁၅)